
## တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာ ညီလာခံ (The Fifth China Quality Conference) သို့ တက်ရောက်ခဲ့သော ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၃**

ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီချွမ်ပြည်နယ်၊ ချန်ဒူး မြို့တွင် စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် (၅) ကြိမ်မြောက် တရုတ် နိုင်ငံ၏အရည်အသွေးပိုင်းဆိုင်ရာညီလာခံ (The Fifth China Quality Conference) သို့ တက်ရောက်ခဲ့ပြီး၊ ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ လာကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Mr. Zheng Zhihong နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

### လက်ခံတွေ့ဆုံ

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၃၁ ရက်၊ နံနက် ပိုင်းတွင် စီချွမ်ပြည်နယ်၊ ပါတီအတွင်းရေးမှူး Mr. Wang Xiaohui နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ ပြီး အခြေခံအဆောက်အဦ တည်ဆောက်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေးနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများပံ့ပိုးကူညီရေး စသည့် နှစ်နိုင်ငံပူးပေါင်းဆောင် ရွက်နိုင်မည့်ကိစ္စရပ်များကိုလည်းကောင်း၊ နေ့လယ်ပိုင်းတွင် စီချွမ်ပြည်နယ်စွမ်းအင်ဆိုင်ရာရင်း နှီးမြှုပ်နှံမှုအဖွဲ့ (Sichuan Energy Investment Group Co., Ltd.) အား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် စွမ်းအင်ဆိုင်ရာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့သည်။



**စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Wang Xiaohui နှင့် တွေ့ဆုံဆွေးနွေးစဉ်**

## အဖွင့်အမှာစကားပြောကြား

စက်တင်ဘာ ၁ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် Chengdu Century City New International Convention Center ၌ ပြုလုပ်သည့် (၅) ကြိမ်မြောက် တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာညီလာခံ (The Fifth China Quality Conference) သို့ ပါဝင်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပါသည်။ အဆိုပါညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် Mr. Zhang Guoqing ၊ တရုတ်နိုင်ငံ၏ ဈေးကွက်ထိန်းချုပ်စောင့်ကြည့်ရေး စီမံအုပ်ချုပ်ရေးဌာနဝန်ကြီး Mr. Luo Wen ၊ စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Wang Xiaohui ၊ စီချွမ်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Huang Qiang ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ရေးအဖွဲ့နှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း (၈၀၀) ကျော် တက်ရောက်ကြသည်။

## သွားရောက်လေ့လာ


ဆက်လက်၍ ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် စီချွမ်ပြည်နယ်၊ လဲ့ရှန်းမြို့ရှိ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် လဲ့ရှန်းဘုရားကြီးသို့ သွားရောက်လေ့လာဖူးမြော်ခဲ့ပြီး လဲ့ရှန်းမြို့ ပါတီအတွင်းရေးမှူး မစ္စတာ မာဘိုမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ ယင်းညစာစားပွဲတွင် လဲ့ရှန်းမြို့အစိုးရမှ အဆိုပြုထားသည့် လဲ့ရှန်းမြို့နှင့် မြန်မာနိုင်ငံ၊ ပုဂံမြို့တို့အကြား ချစ်ကြည်ရေးညီအစ်မမြို့သတ်မှတ်ရေးကိစ္စ အပါအဝင် စိုက်ပျိုးရေး၊ နည်းပညာဖလှယ်ရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လုပ်ဆောင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။



**ဟွာကျန့်ဘုရားကြီးရှိ ဘုန်းတော်ကြီးထံ**
**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတော်အား အမှတ်တရ ပေးအပ်စဉ်**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ကြည့်ရှုလေ့လာ

စက်တင်ဘာ ၂ ရက်၊ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အော့မေတောင်ရှိ ဟွာကျန့်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပြီးနောက် ကောချောင်လီ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း (Gaoqiao-li Rural Revitalization Project) သို့ ဆက်လက်သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။



**ကောချောင်လီ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း (Gaoqiao-li Rural Revitalization Project) သို့ သွားရောက်ကြည့်ရှုလေ့လာစဉ်**

## ပြန်လည်ထွက်ခွာ

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချန်ဒူးမြို့မှ ပြန်လည်ထွက်ခွာရာ ချန်ဒူးရှွမ်းလျူအပြည်ပြည်ဆိုင်ရာလေဆိပ် (Chengdu Shuangliu International Airport) တွင် စီချွမ်ပြည်နယ်အစိုးရ၊ ဒုတိယအထွေထွေအတွင်းရေးမှူး Mr. Ge Xiaopeng နှင့်အဖွဲ့မှ လိုက်ပါပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**